# စီးပွားရေး ဖြေရှင်းနည်း ဖြစ်သည့် "HACKATHON" ကို စက်တင်ဘာလတွင် ကျင်းပ ပြုလုပ်မည်။

*ဤပြိုင်ပွဲ က မိုဘိုင်း ဆက်သွယ်ရေး စနစ်ကြီး တစ်ခုလုံး၏ တိုးတက် ပြောင်းလည်းသွားခြင်း မှ ရရှိသော အကျိုးကျေးဇူးများကို စီးပွားရေးလုပ်ငန်းများ ခံစားစေနိုင်ရန် ကူညီမည်။*

ဩဂုတ်လ ၇ ရက်နေ့ ၊ ကြာသပတေးနေ့ ။

ရန်ကုန်မြို့တွင် ဒုတိယအကြိမ်မြောက် "hackathon" ပြိုင်ပွဲကို ယနေ့တွင် အစပျိုး လိုက်သည်။ Hackathon ပြိုင်ပွဲ ဟူသည်မှာ developer များသည် လူမှုဂန်းကျင်တွင် ယဉ်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို နည်းပညာ အားဖြင့် ၄၈ နာရီ အဖြေရှာသော ပြိုင်ပွဲဖြစ်သည်။ ယခု ဖြစ်ပေါ်လာတော့မည့် မိုဘိုင်း ဆက်သွယ်ရေး စနစ်၏ တိုးတက်ပြောင်းလည်းမှုများ က အသေးစား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကို မည်သို့ အထောက်အကူပြု နိုင်ကြောင်းကို "စီပွားရေး လုပ်ငန်းများ အတွက် အဖြေရှာသော Hackathon" က အလေးထား ဆောင်ရွက်မည် ဖြစ်သည်။

Code for Change Myanmar က ဦးဆောင် စီစဉ်သော ယင်း ပြိုင်ပွဲကို စက်တင်ဘာလ ၅ရက်နေ့ မှ ၇ရက်နေ့ ထိ ကျင်းပ ပြုလုပ်သွားမည် ဖြစ်သည်။ Code for Change Myanmar ကို တည်ထောင်သူ လည်းဖြစ် Internews Strategy ၏ အကြံပေး လည်းဖြစ်သော Mr. David Madden က " မြန်မာပြည် က ဆက်သွယ်ရေး ကဏ္ဍကြီး တစ်ခုလုံး အခုလို တိုးတက်ပြောင်းလည်းဖို့ဖြစ် လာတာဟာ စီးပွားရေး လုပ်ငန်းတွေ အတွက် အခွင့်အလမ်းတွေ အများကြီး ပေါ်လာတာပဲဖြစ်ပါတယ်။ ကုန်ထုတ်နှုန်းတွေ ဂန်ဆောင်မှုနှုန်းတွေ ပိုပြီး သွက်လာအောင် ၊ လုပ်ငန်း တွေ ပိုပြီး ကျွမ်းကျွမ်းကျင်ကျင် လည်ပတ်နိုင်အောင် နည်းပညာက အများကြီး တွန်းအားပေးနိုင်ပါတယ်။ မြန်မာပြည်မှာ ရှိတဲ့ စီးပွားရေး လုပ်ငန်းတွေ ပိုပြီး အောင်မြင်လာအောင် စီးပွား ဖြစ်ထွန်းလာအောင် ပံ့ပိုးနိုင်မယ့် နည်းပညာ ထုတ်ကုန်များကို ဖန်တီးတည်ထွင်ဖို့ မြန်မာ့ အတော်ဆုံး developer များကို စုရုံးစေပြီး ဒီပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။

<code>
for change
myanmar

Mr. Madden က " အခု ကျင်းပမယ့် "စီးပွားရေး လုပ်ငန်းများ အတွက် အဖြေရှာသော Hackathon" က ပြီးခဲ့တဲ့ မတ်လတုံးက ကျင်းပခဲ့တဲ့ "မြန်မာပြည် ရဲ့ ပထမဦးဆုံး Hackathon" ရဲ့ အောင်မြင်မှုပေါ်မှာ အခြေခံပြီး ဆောင်ရွက် ကျင်းပရခြင်းဖြစ်ပါတယ်။ မိမိတိုင်းပြည် နဲ့ လူမျိုး တိုးတက်ဖို့ အတွက် နည်းပညာ ထုတ်ကုန်တွေကို တီထွင် ကြံဆပြီး ထုတ်လုပ်နိုင်တဲ့ ပါရမီရှင် developer အများအပြား ဒီတိုင်းပြည်မှာ ရှိကြောင်း မတ်လတုံးက ကျင်းပခဲ့တဲ့ Hackathon က သက်သေထူခဲ့ ပါတယ်။ Hackathon ကနေတဆင့် အဖြေရှာနိုင်ဖို့ မိမိတို့ စီးပွားရေး လုပ်ငန်းတွေ မှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို တင်ပြဆွေးနွေး ကြပါလို့ Code for Change Myanmar က စီးပွားရေး လုပ်ငန်းတွေကို ဖိတ်ခေါ်ပါတယ်။ မိတ်ဆွေတို့ ရဲ့ စီးပွားရေး လုပ်ငန်းတွေ နည်းပညာ ဖြေရှင်းပုံ နည်းလမ်းတွေ ရရှိဖို့ အတွက် အကောင်းဆုံး အခွင့်အရေး တစ်ရပ်ပါပဲ ။ ယှဉ်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေ အားလုံးကို တင်ပြဆွေးနွေးပြီး ၊ မြန်မာပြည်ရဲ့ နည်းပညာ အသိုင်းအဝိုင်းက ဘယ်လို တီထွင် ဆန်းသစ်စွာ နဲ့ ဖြေရှင်းမလဲ ဆိုတာ ကိုယ်တွေ့ကြုံကြစေချင်ပါတယ်။ " ထပ်လောင်း ပြောကြား လိုက်ပါသည်။

မြန်မာပြည်ရဲ့ နည်းပညာ အသိုင်းအဝိုင်းမှ လူငယ်လူရွယ်များကို လည်း ပါဝင် ယှဉ်ပြိုင်ပြီး မိမိတို့ ရဲ့ စွမ်းပကား နဲ့ ကျွမ်းကျင် ပိုင်နိုင်မှု အရည်အသွေးတွေကို ပြသနိုင်ရန် ဖိတ်ခေါ်ပါသည်။ လွန်ခဲ့သော မတ်လ အတွင်းက ကျင်းပခဲ့သော Hackathon ပြိုင်ပွဲတွင် ပထမရရှိသော NILBUG အသင်း၏ ပြောရေးဆိုခွင့်ရှိသူ လည်းဖြစ် NEX ကုမ္ပဏီ ၏ iOS developer လည်းဖြစ်သော ကိုအာကာမင်းအောင် က " ပြီးခဲ့တဲ့ hackathon ဟာ ကျွန်တော့် ဘဝရဲ့ ပျော်စရာ အကောင်းဆုံး စနေ တနင်္ဂနွေ တွေထဲမှာ ပါတယ်။ ကျွန်တော်တို့ အများကြီး သင်ယူခဲ့ ကြပါတယ်။အဖွဲ့သား သူငယ်ချင်းတွေ နဲ့ code တွေ တီထွင်ကြပြီး အပြန်စား App ကို တီထွင်ခဲ့ကြပါတယ်။ အခုလာမယ့် Hackathon အတွက်လည်း တော်တော် ရင်ခုန်ကြည်နူး မိပါတယ် ၊ တခြား developer တွေနဲ့ designer တွေအားလုံး လဲ အတူတူ လာရောက် ယှဉ်ပြိုင်ကြလိမ့်မယ် လို့ မျော်လင့်ပါတယ်။" ဟု ပြောကြား လိုက်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အတွက် အမေရိကန် ပြည်ထောင်စု ၏ အဖွဲ့အစည်း တစ်ခု ဖြစ်သည့် (USAID), Internews, Ooredoo မြန်မာ, IdeaBox , Nescafe , RedBull နှင့် Singtech မြန်မာတို့ က "စီးပွားရေး လုပ်ငန်းများ အတွက် အဖြေရှာသော Hackathon" ကို ကူညီ ပံ့ပိုးပေးထားသည်။ မြန်မာနိုင်ငံ ဆိုင်ရာ အမေရိကန် သံရုံး ၏ ဒုတိယ အကြီးဆုံး အရာရှိချုပ် Ms Virginia Murray က " မြန်မာနိုင်ငံ ဒီက ရှေ့လျှောက် တိုးတက်ကြီးပွားဖို့ အတွက် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းတွေ ရှင်သန်ပေါ်ပေါက်လာ ပြီး အာဆီယံ စီးပွားရေးမှာ ပါဝင် လှုပ်ရှားနိုင်စေဖို့ ဆိုတာ အင်မတန် အရေးကြီးပါတယ်။ စီးပွားရေး လုပ်ငန်းတွေက နည်းပညာ ကို အသုံးချပြီး ရှင်သန်ကြီးထွားလာနှုန်း အလျင် မြင့်လာစေနိုင် တဲ့ အခွင့်အလမ်းတွေ ကို ဒီပြိုင်ပွဲက ပြသ နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

Ooredoo မြန်မာက လူမှုဆက်ဆံရေး နှင့် ပြန်ကြားရေး မန်နေဂျာ သီရိကြာညို က " မြန်မာပြည်ကို နည်းပညာက ရမယ့် အကျိုးကျေးဇူးတွေ ယူလာပေးရတာ ကို ကျွန်မတို့ အင်မတန် ဝမ်းသာပါတယ်။ မြန်မာပြည်က စီးပွားရေး နယ်ပယ် အပါအဝင် ကဏ္ဍမျိုးစုံ အတွက် နည်းပညာ နဲ့ ချိတ်ဆက်မိဖို့ နည်းလမ်းတွေ ရှာပေးမယ် ဆိုပြီး လည်း ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားပါတယ်။ Hackathon တွေဟာ အဖြေရှာပုံ ရှာနည်း အသစ်တွေ၊ တွေးပုံခေါ်ပုံ နည်းအသစ်တွေ နဲ့ အကြံဉာဏ် အသစ်တွေ အတွက် အကောင်းဆုံး နည်းလမ်းပဲ ဆိုတာ ကို ရန်ကုန်မြို့မှာ ကျွန်မတို့ မျက်မြင် ကိုယ်တွေ့ကြုံခဲ့ ကြရပြီးပါပြီ။ ဒီတခါမှာ လည်း လူငယ် နည်းပညာရှင် developer တွေ ဘယ်လို တီထွင် ကြံဆ ကြမလဲဆိုတာ ကို အမျှော်လင့် ကြီး မျှော်လင့် ထားပါတယ်။" ဟုပြောကြား လိုက်ပါသည်။

Hackathon တွင် ပါဝင်ယှဉ်လိုသူများ နှင့် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ အခက်အခဲများကို တင်ပြ လိုပါက ၊ အခြားသော သတင်းအချက် အလက်များကို ရယူလိုပါက အောက်ပါ link များသို့ သွား ရောက်နိုင်ပါသည်။

www.CodeForChangeMyanmar.org

www.facebook.com/CodeForChangeMyanmar

ပါဝင်ယှဉ်ပြိုင်လိုသူများ နှင့် အခက်အခဲများ တင်ပြလို သူများသည် ဩဂုတ်လ ၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထား နိုင်ပါသည်။

**-ပြီး-**

ဆက်သွယ်ရန် -

**Code for Change Myanmar / Internews:**
ဒေးဗစ် မတ်ဒန်
<မြန်မာ တိုးတက်ပြောင်းလည်းဖို့ နည်းပညာ လှို့ဝှက်ချက်> တည်ထောင်သူ
အကြီးတန်း မူဝါဒဆိုင်ရာ အကြံပေး ၊ Internews
+ 95 94211 36565
david@paramiroad.com

**United States Agency for International Development (USAID)**
Saskia Funston
Sr. Development Outreach Specialist
United States Agency for International Development (USAID)
+95-1-536-509 (ext. 4858)
mobile: +95 9-541-9592
FunstonSA@state.gov

**Ooredoo မြန်မာ**
သီရိကြာညို
လူထုဆက်ဆံရေး နှင့် ပြန်ကြားရေး မန်နေဂျာ၊ Ooredoo မြန်မာ
+95 9511 7204
+95 997 33333 22
TNyo@myanmar.ooredoo.com

**နောက်ခံ အကြောင်းအရာ**

**Code for Change Myanmar <မြန်မာ တိုးတက်ပြောင်းလည်းဖို့ နည်းပညာ လှိုုပ်ချက်> အကြောင်း**

မိုဘိုင်းဖုန်း နှင့် အင်တာနက် ကွန်ရက် ထိုးဖောက် နှုန်း အနည်းနိုင်ငံအဖြစ် ရပ်တည်လာခဲ့သော မြန်မာနိုင်ငံသည် ကွန်ရက် ချိတ်ဆက်ရန် အတွက် အကြီးမားဆုံး အပြောင်းအလည်းကို မကြာတော့မည့် အချိန်အတွင်းမှာ ကြုံတွေ့ရတော့မည် ဖြစ်သည်။ <မြန်မာ တိုးတက်ပြောင်းလည်းဖို့ နည်းပညာ လှို့ုပ်ချက်> သည် မြန်မာ့ တယ်လီကွန် ဆက်သွယ်ရေး လွတ်လပ်ပွင့်လင်း လာပြီး တိုးတက်ပြောင်းလည်းတော့မည့် အလားအလာရှိသော မြန်မာ့ နည်းပညာ နှင့် ချိတ်ဆက်ပေါင်းစည်း ရန် ကြိုးစားလျှက် ရှိသော ထူးခြား ဆန်းသစ်သည့် တီထွင် ကြံဆမှုဖြစ်သည်။ မြန်မာ နိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲများ နှင့် စိန်ခေါ်မှု အရပ်ရပ်ကို မြန်မာပြည်ရှိ နည်းပညာ နယ်ပါယ်သားများ ဖြေရှင်းနိုင်စေရန် ပုံဖေါ်ထားသော အစီအစဉ်လည်းဖြစ်ပါသည်။

မတ်လ ၁၅ရက် နှင့် ၁၆ရက် များတွင် ကျင်းပ ပြုလုပ်မည့် Hackathon ပြိုင်ပွဲသည် <မြန်မာ တိုးတက်ပြောင်းလည်းဖို့ နည်းပညာ လှိုုပ်ချက်> ၏ ပထမဦးဆုံး ပွဲဦးထွက် အစီအစဉ်ဖြစ်သည်။
အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည့် Internews က <မြန်မာ တိုးတက်ပြောင်းလည်းဖို့ နည်းပညာ လှိုုပ်ချက်> ကို အဓိက ပံ့ပိုးလျှက်ရှိသည်။

**Internews အကြောင်း**

Internews သည် ကမ္ဘာအရပ်ရပ်မှ ဒေသခံ သတင်းအချက်အလက် နှင့် မီဒီယာ နယ်ပါယ်သားများကို ၄င်းတို့ လိုအပ်သော သတင်းအချက်အလက်များ ထောက်ပံ့အားဖြည့်ခြင်း ၊ ၄င်းတို့ ထံမှ လိုအပ်ချက်များကို လူအများကြားစေရန် ဆက်သွယ်ရန် နည်းလမ်းများ ဖြင့် ထောက်ပံ့ပေးခြင်းတို့ ကိုလုပ်ဆောင်သည်။
သတင်းအချက်အလက် နှင့် မီဒီယာ နယ်ပါယ်တိုးတက် ဖွံ့ဖြိုးရေးတို့တွင် အခက်ခဲဆုံးသော ကမ္ဘာ့ ပေါ်ရှိ ဒေသများတွင် ထင်ရှားသိသာသော အောင်မြင်မှုများ ဆက်တိုက် ရရှိခဲ့ပြီး ၊ မြန်မာနိုင်ငံတွင် ၁၂ ကြာ လာရောက်လုပ်ကိုင်ပြီး ဖြစ်သော Internews ၏ တီထွင်ကြံဆမှု သည် မည်သည့် အဖွဲ့အစည်း နှင့် မျှမတူပေ ။
ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မြန်မာနိုင်ငံအတွက် အချေစိုက်ရုံး စတင်ဖွင့်လှစ်သော ၂၀၀၁ ခုနှစ် စတင်ပြီး မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများကို အကူအညီပေးခဲ့သည်။ ထိုင်းမြန်မာ နယ်စပ်ရှိ မြန်မာ စာနယ်ဇင်းသမားများကို လိုအပ်သော လေ့ကျင့် သင်ကြားမှုများ ပေးသော ပထမဆုံး အစီအစဥ်မှ စပြီး မြန်မာနိုင်ငံ တိုးတက်ပြောင်းသော ဖြစ်စဥ်တွင် အဓိကကျသော တိုးတက်ပြောင်းလည်းမှု တိုင်းကို တုန့်ပြန်သော အစီအစဥ်များ ချမှတ်ခဲ့သည်။
Internews သည် တိုင်းပြည်၏ သမိုင်းနှင့် အတူ၊ တိုင်းပြည်တွင် လှုပ်ရှားမှုများတွင် ပါဂင်သူများ နှင့် လက်တွဲလျှက် စာနယ်ဇင်းသမားများ နှင့် ယင်းနယ်ပါယ်တွင် ကျွမ်းကျင်သော သူများ နှင့် ယှဉ်တွဲလျှက် လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ICT4D နယ်ပါယ်ရှိ ကျွမ်းကျင်သူများ နှင့် လည်း ဆက်သွယ်ခဲ့ဘူးသော အတွေ့အကြုံရှိသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရက စဉ်းစားလျှက်ရှိသော အင်တာနက် ဆိုင်ရာ မူဂါဒ အတွက် MIDO နှင့် လက်တွဲလျှက် လုပ်ဆောင်နေသည်။ အာရှဒေသတွင်းတွင်မူ တီထွင်ဆန်းသစ်မှု ဆိုင်ရာ အလုပ်ရုံများကို ကာဘူး၊ အစ်စလန်မာဘက် နှင့် ပီကင်းမြို့များတွင် ထားရှိကာ နည်းပညာ ကျွမ်းကျင်မှုများ နှင့် လူမှုဘဂများမှ လိုအပ်ချက်များကို ပူးပေါင်းပေးလျှက်ရှိသည်။

**USAID အကြောင်း**

USAID သည် ကမ္ဘာတဝှမ်းရှိ အလွန်အမင်း ဆင်းရဲမွဲတေမှုများ အဆုံးသတ် နိုင်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင် နေကြသော လူမှုအဖွဲ့ ့အစည်းများ ပိုမို ခံနိုင်ရည်ရှိလာပြီး မိမိ မျှော်မှန်းချက်များ လက်တွေ့ ့အကောင်ထည် ဖော်လာနိုင်ရေးတို့ ကို ဦးဆောင်ကူညီပံ့ပိုးပေးနေသော အမေရိကန်အစိုးရ ၏ ဌာနတစ်ခုဖြစ်သည်။
www.USAID.gov/Burma
Twitter: @USAIDBurma
Facebook: facebook.com/USAIDAsia

**IdeaBox အကြောင်း**

အင်ဒိုနီးရှား နှင့် မြန်မာနိုင်ငံ အခြေစိုက် Ooredoo ကုမ္ပဏီက IdeaBox ဟူသော စွန့်ဦးတီထွင်သူ လူငယ် ကိုယ်ပိုင် စီးပွါးရေး ပညာရှင်များ နှင့် ဖွဲ့စည်းထားသော လူမှုရေး နယ်ပါယ် တစ်ခု အထောက်အပံ့ပေးထားသည်။ လက်ရှိနည်းပညာ နယ်ပါယ်တွင် ရှိနေသော ကုမ္ပဏီများ ကို ပိုမိုတိုးတက်ကြီးပွါးလာအောင် စွမ်းအား မြှင့်တင်ခြင်း၊ အသစ်အသစ်သော စတင်ထူထောင်ခြင်းများ ကို မြေတောင် မြှောက်ပေးခြင်း နှင့် အနာဂါတ် မျိုးဆက်သစ် အင်တာနက် ကုမ္ပဏီများ ဖြစ်ပေါ်ရေးတို့ အတွက် ၎င်းတို့ အတူတကွ ပူးပေါင်းဆောင်ရွက် ကြမည် ဖြစ်သည်။

Ooredoo မြန်မာ ၊ Pollenizer နှင့် Silicon Straits ကုမ္ပဏီများ ပူးပေါင်းလျှက် IdeaBox ကို ထူထောင်ထားသည်။ တကြိမ် တခါမျှ မိုဘိုင်းဆက်သွယ်ရေး ဈေးကွက်တွင် အထိအတွေ့မရှိသော ၆၂ သန်းသော ပြည်သူများ အတွက် နည်းပညာ စီးပွါးရေး နယ်ပါယ် မှ အကြံထူး ဉာဏ်ထူးများ ကို ထုတ်ကုန်အဖြစ် ထူထောင်ရေး မှာ ယခု လက်ရှိ မျိုးဆက်များ အတွက် တသက်မှာ တခါ တွေ့ကြုံရသော အခွင့်အရေး အဖြစ် မြန်မာ့ သမိုင်းကြောင်းတွင် ကဗျည်းတင် ရစ်မည် ဖြစ်သည်။မြန်မာ ပြည်သူပြည်သား များ နှင့် အတူ ဒီဂျီတယ် တော်လှန်ရေး တွင် ပါဝင်ပြီး အနာဂါတ်သို့ အဟုန်ဖြင့် ခုန်ပင်နိုင်ဖို့ ကြိုးစား ကြမှာ ဖြစ်သော ကြောင့် အထူး ဂုဏ်ယူဂမ်းမြောက်မိပါသည်။

**Ooredoo မြန်မာ၏ အကြောင်း**

အားလုံးအတွက် မြန်ဆန်သော အင်တာနက် နှင့် ကြည်လင် ပြတ်သားသော အသံ တို့ကို ယူဆောင် လာပေးသည့် Ooredoo မြန်မာသည် လူနေမှု ဘဝများ တိုးတက် ကောင်းမွန်စေမည့် ဝန်ဆောင်မှုများကို ၂၀၁၄ ဩဂုတ်လ တွင်  စတင် ပေးအပ်ပါသည်။ ၂၀၁၃ ဇွန်လတွင် ဆက်သွယ်ရေး လိုင်စင်ရရှိပြီးနောက် တစ်နှစ်တာ ကာလ အတွင်း Ooredoo သည် မြန်မာတို့၏နေ့စဉ် ဘဝများတွင် အရေးပါသော အစိတ်အပိုင်းတစ်ရပ် အဖြစ် ပါဝင်ခွင့်ရနိုင်ရန် အခြေခံ အုတ်မြစ် ချလုပ်ငန်းများကိုဆောင်ရွက်နေခဲ့ပါသည်။ Ooredoo ၏ ဝန်ဆောင်မှုများ သည် မျိုးဆက်သစ် 3G ကွန်ရက် ကိုအသုံးပြုထား   သဖြင့် မြန်မာတို့၏ လူနေမှု ဘဝများ တိုးတက် ကောင်းမွန်စေမည့်အပြင် စိတ်လှုပ်ရှားဖွယ်ရာ များပြည့်နှက်နေသော သုံးစွဲရလွယ်ကူသည့် ဆက်သွယ်ရေးစနစ်ဖြစ်ပါသည်။

ထို ဝန်ဆောင်မှုများ သည် မြန်မာတို့၏တစ်ဦးချင်း စွမ်းရည်များ တိုးတက် ဖွံ့ဖြိုးလာရန်၊ စီးပွားရေး လုပ်ငန်း များ ကောင်းမွန်စွာ လည်ပတ်နိုင်ရန်  များစွာ အထောက်အကူပေးပါမည်။

Twitter: @ooredoo_mm
Instagram:@ooredoomyanmar
Facebook:www.facebook.com/OoredooMyanmar
LinkedIn:www.linkedin.com/company/ooredoomyanmar

Ooredoo မြန်မာ တွင် အလုပ်အကိုင် အခွင့်အလမ်း များစွာ ရှိပါသည်။ တက်ကြွ ပျော်ရွှင်ဖွယ် အဖွဲ့အစည်း နှင့်ပူးပေါင်းလိုပါက recruitme@myanmar.ooredoo.com သို့ CV ပို့လိုက်ပါ။

**Ooredoo Group ၏ အကြောင်း**

Ooredoo Group သည် အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက ရှိ သုံးစွဲသူများ နှင့်စီးပွားရေး လုပ်ငန်းများ အတွက် မိုဘိုင်းဖုန်း၊ လိုင်းဖုန်း၊ Broadband အင်တာနက် နှင့် ဝန်ဆောင်မှု စီစဉ်ခန့်ခွဲ ခြင်းများ ဆောင်ရွက် ပေးနေသည့် ထိပ်တန်း နိုင်ငံတကာ ကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။ လူ့အသိုင်းအဝန်း ကို အာရုံ စူးစိုက်သည့်ကုမ္ပဏီ တစ်ခု ဖြစ်သောကြောင့် Ooredoo ၏ ရည်စူးချက် နှင့်အညီ လူနေမှု ဘဝများ တိုးတက် ကောင်းမွန်စေရန် နှင့် တစ်ဦးချင်း စွမ်းရည်များ အလားအလာ ရှိသလောက် တိုးတက်ဖွံ့ဖြိုးနိုင်ရန် ဆက်သွယ်ရေး နည်းပညာကို အသုံးချသွားရန် ယုံကြည်ပါသည်။ Ooredoo Group သည် ၂၀၁၃ ကမ္ဘာ့ဆက်သွယ်ရေး ဆုပေးပွဲတွင် " အကောင်းဆုံး မိုဘိုင်း အော်ပရေတာ " ဆု ရရှိခဲ့ပါသည်။